တရားမပုံစံအမှတ် ၉၄

**ရောင်းချရန်ကြော်ငြာစာ**

တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆

**ညောင်ဦးခရိုင် တရားရုံးတော်**

၂၀၂၄ ခုနှစ်၊ ဒီကရီမှုအမှတ် ၁၄

| | | |
|---|---|---|
| **အသေးစားအလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်**<br>**(၎င်း၏ကိုယ်စား ဘဏ်ခွဲတာဝန်ခံ ဦးအောင်ကျော်ဆန်း)** | နှင့် | **၁။ ဦးသင်းမောင်**<br>**၂။ ဒေါ်သန်းသန်းမြင့်** |
| ဒီကရီအနိုင်ရသူ | | တရားရှုံးများ |

**ညောင်ဦးခရိုင်** တရားရုံးတော်၊ တရားမကြီးမှုအမှတ် **၃၀/၂၀၁၈** အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀**၂၄** ခုနှစ်၊ **ဩဂုတ်** လ၊ **၅** ရက်၊ နံနက် **၁၀:၀၀** နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

## လေလံရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးကတာဝန်ယူမည်မဟုတ်ပါ။တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာရောင်းချသည့် ပစ္စည်းအတွက်လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေ ကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်း မပြုလျှင် တစ်ဖန် ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိကသတ်မှတ်ထားသည့်စပေါ်ငွေကိုတင်သွင်းမှ သာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည်၂၅ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက်ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကိုအထက်ပါနေ့ရက်များကိုပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။

၂၀၂၄ ခုနှစ်၊ ဇွန် လ ၂၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

ညောင်ဦးခရိုင်တရားရုံး

(ဌေးဌေးဆွေ)
ဒုတိယခရိုင်တရားသူကြီး
တရားသူကြီး
ညောင်ဦးခရိုင်တရားရုံး

**ပစ္စည်းစာရင်း**

ကျောက်ပန်းတောင်းမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ကွင်းအမှတ်-၂၀၇၇(မယ်အိုးကန်ကွင်း)၊ ဦးပိုင် အမှတ်-၇၀၊ မြေကွက်အမှတ်(၃/၁၁၃)၊ ဧရိယာ(၀.၃၄၄)ကေရှိ နှစ်(၃၀)ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်လူနေအိမ်(၁)လုံး၊ (၁)ထပ်ဂိုဒေါင်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

| | | |
|---|---|---|
| ရောင်းချမည့်နေ့ | – | ၅.၈.၂၀၂၄ |
| ရောင်းချမိန့်ပြန်သွင်းရမည့်နေ့ | – | ၆.၈.၂၀၂၄ |
| လေလံကြမ်းခင်းဈေး | – | ကျပ်သိန်း(၁၀၀၀၀) |